# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၅)
## လွတ်လပ်သော တရားစီရင်ရေး စနစ်အခြေခံဖြင့် တိုင်းပြည်တည်ငြိမ်မှုကို ရှာဖွေခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မွေးထုတ်ဘို့ ကြိုးစားတယ်ဆိုတာဟာ အိမ်တလုံးတည်ဆောက်သလိုပါဘဲ။ ဒီအိမ်မှာနေပြီး စိတ်လွတ်လပ် ချမ်းမြေ့ပျော်ရွှင်မှုကို ခံစားလိုတယ်ဆိုရင်၊ လေ အလင်းရောင် လုံလောက်စွာရရှိရေး အခြေခံကနေ ဒီဇိုင်းလှလှနဲ့ တည်ဆောက်ထားတဲ့ အိမ်ကလေးဖြစ်ဘို့ လိုပါလိမ့်မယ်။ လူထုတွေရဲ့ အခြေခံလွတ်လပ်မှု၊ တရားမျှတမှု၊ တိုးတက်မှုကို ရှာဖွေပေးနိုင်တဲ့ တိုင်းပြည်မျိုးတည်ဆောက်ခြင်တယ် ဆိုရင်လဲ ဒီလိုအခြေခံမျိုးကိုဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံဖေါ်ဆောင်ပေးထားရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လူထုကရွေးချယ်တင်မြှောက်ခွင့်ရတဲ့ ပုဂ္ဂိုလ်ဦးရေ ၇၅**%** ပါဝင်တယ်ဆိုရုံနဲ့ ဒါဟာဒီမိုကရေစီ အခြေခံလမ်းကြောင်းကို ရောက်သွားပြီးလို့ ပြောလို့လုံးဝ မရနိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ လူထု က ရွေးချယ်တင်မြှောက်ခြင်းခံရသူ ဦးရေ ၁၀၀**%** ပင်၊ ဖြစ်စေဦးတော့ ပြည့်စုံတဲ့ဒီမိုကရေစီ မဖြစ်နိုင်သေးတာကြောင့် ပါဘဲ။

ဖိလစ်ပိုင်သမတ ဂျိုးဇက် အက်စထရာဒါနဲ့ ပီရူး သမတ ဖူဂျီမိုရီ တို့ဟာ ရွေးကောက်တင်မြှောက်ခံခဲ့ရသူတွေ ဖြစ်ကြတယ်။ ဒါပေမယ့် သမတရဲ့အခွင့်အာဏာတွေကို သုံးစွဲပြီး လာဘ်စားမှုတွေ အကြီးအကျယ်ကျူးလွန်ခဲ့ကြတာကြောင့် ဂျိုးဇက် အက်စထရာဒါ ကို ဖိလစ်ပိုင်တရားရုံးချုပ်က နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့ရတယ်။ ဖူဂျီမိုရီ ဟာလဲ တရားရုံးမှာ အာဏာအလွဲသုံးစားမှုတွေ၊ လာဘ်စားမှုတွေနဲ့ အမှုရင်ဆိုင်နေရဆဲပါ။ ဒီ သမတ နှစ်ဦးကို ဖြုတ်ချပြီး ရုံးတင် အရေးယူနိုင်ဘို့အတွက် ဖိလစ်ပိုင်၊ ပီရူးနိုင်ငံတွေမှာ လူထုအုံကြွမှု တွေပေါ်တဲ့အထိ ကြိုးပမ်းခဲ့ကြရတယ်။ ထိုင်းနိုင်ငံက ဝန်ကြီးချုပ်ဟောင်း တပ်ကဆင် ကိုလည်း လူထုက ရွေးချယ်တင်မြှောက်ခဲ့ကြတာပါဘဲ။ ဖိလစ်ပိုင်နဲ့ ပီရူးနိုင်ငံတွေက သမတတွေလိုဘဲ တပ်ကဆင်ဟာ တိုင်းပြည်အာဏာအလွဲသုံးစားလုပ်မှု၊ လာဘ်စားမှု စွဲချက်တွေနဲ့ အမှုရင်ဆိုင်နေရလျှက်ရှိပါတယ်။ တပ်ကဆင်ကို ဝန်ကြီးချုပ်အဖြစ်ကနေ ဖြုတ်ချနိုင်ဘို့အတွက် သိန်းနဲ့ချီတဲ့ လူထုတွေ အကြိမ်ကြိမ်ဆန္ဒပြခဲ့ကြရတယ်။ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဂျာမနီနိုင်ငံက ဟစ်တလာဟာလဲ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူပါဘဲ။ ဒါပေမယ့် နောက်ဆုံးမှာ သူ့ရဲ့အခွင့်အာဏာတွေကို အဆမတန်ကျင့်သုံးခဲ့ရုံသာမက အာဏာရှင် ဘဝနဲ့ပါ နိဂုံးချုပ်သွားခဲ့ရတယ်။

ဒါကြောင့် လူထုကရွေးချယ်တင်မြှောက်ခြင်းခံရတယ်ဆိုရုံနဲ့ ဒီပုဂ္ဂိုလ်တွေလုပ်သမျှဟာ အကုန်တရားတယ်၊ မှန်တယ်ဆိုပြီး ဒီမိုကရေစီ နိုင်ငံကြီးတွေမှာ မျက်စိမှိတ် မထောက်ခံကြတော့ပါ။ လူသန်းပေါင်းများစွာက နှစ်သက်သဘောကျလို့ ရွေးချယ်တင်မြှောက်ခံရသူတွေ ဖြစ်စေဦးတော့၊ သူတို့ကို လုပ်ခြင်တာလုပ်ခွင့်မပေးကြတော့ပါ။ ဒီလိုဆိုတဲ့အတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေနဲ့ အုပ်ချုပ်တဲ့စနစ်ဟာ အလုပ်မဖြစ်တော့ဘူးရယ်လို့ တဖက်စွန်းရောက် မသုံးသပ်စေခြင်ပါ။ ဒီ စနစ်ကို ယနေ့အချိန်အထိ ဒီမိုကရေစီရဲ့အခြေခံအဖြစ် တကမ္ဘာလုံးမှာ အကောင်းဆုံးအနေနဲ့ ကျင့်သုံးနေရဆဲဖြစ်ပါတယ်။

ဒါပေမယ့် ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေ သက်သက်ကို ထင်သလို အုပ်ချုပ်ခွင့်ပေးထားရင်လည်း လူထုအတွက် အကျိုးမရှိ၊ တိုင်းပြည်တည်ငြိမ်မှုအတွက် အထောက်အပံ့မဖြစ်ဘူးရယ်လို့ သုံးသပ်လာကြပါတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေအပေါ် စောင့်ကြပ်စစ်ဆေးဘို့လိုတယ်ဆိုတဲ့ အသိတွေပေါ်လာတယ်။ အဲဒါကို အကောင်အထည်ဖေါ်နိုင်ဘို့အတွက်၊ ရွေးချယ်တင်မြှောက်ခံရသူတွေမဟုတ်ဘဲ အရည်အချင်းအရ ခန့်အပ်ခံရသူတွေနဲ့ တရားရုံးတွေကို ဖွဲ့စည်း၊ လွတ်လပ်တဲ့တရားစီရင်ရေး စနစ်ကိုတည်ထောင်၊ တရားသူကြီးတွေလက်ထဲကိုလုပ်ပိုင်ခွင့်တွေ အပ်နှင်းပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ အာဏာအလွဲသုံးမှုပြုလာရင်၊ ထိမ်းကျောင်းနိုင်ဘို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကြိုးစားလာခဲ့တာကို တွေ့ရပါတယ်။ ဒီမိုကရေစီရဲ့ အားနည်းချက်တွေ လျော့ပါးသွားဘို့၊ လူထုရဲ့အခွင့်အရေးတွေကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ဘို့ လူ့အဖွဲ့အစည်းတည်ဆောက်ပုံနည်းနာတွေကို လူတွေက

ကြုံဆတည်ထွင်လာတဲ့အခါ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ထူထောင်ကျင့်သုံးဘို့ဆိုတဲ့ လမ်းကြောင်းဟာ ထီးထီးမားမားပေါ်လွင် လာပါတယ်။

နအဖ ဟာ သူ့ရဲ့ ဖွဲ့စည်းပုံမူတွေထဲမှာ သမတစနစ်နဲ့ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသွားမယ်လို့ အသေးစိတ်ချမှတ်ထားတယ်။ ကမ္ဘာပေါ်မှာ သမတစနစ်ကို အအောင်မြင်ဆုံးကျင့်သုံးနိုင်ခဲ့တာ အမေရိကန်ပြည်ထောင်စု တခုထဲသာရှိတယ်လို့ ပြောနိုင်ပါတယ်။ ကျန်တဲ့ နိုင်ငံအမြောက်အများမှာ ပြသနာတွေ တပုံတခေါင်းနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်တယ်။ လက်တင်အမေရိက နိုင်ငံနှစ်ဆယ်ကျော်အနက် အားလုံးနီးပါးဟာ သမတ စနစ်ကျင့်သုံးခဲ့တဲ့ တိုင်းပြည်တွေဖြစ်ပါတယ်။ ဒီ နိုင်ငံတွေမှာ အာဏာရှင်ခေါင်းဆောင်တွေ သမတဖြစ်လာတဲ့အခါမှာ တရားစီရင်ရေးစနစ်နဲ့ တရားရုံးတွေကို ထိမ်းချုပ်ဘို့နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားခဲ့ကြတယ်။ တရားသူကြီးတွေကို သူတို့စိတ် ကြိုက်ခန့်အပ်ခဲ့ကြတယ်။ ၁၉၅၃ခုနှစ် ဂွါတီမာလာမှာ၊ ၁၉၅၉ ခုနှစ် ကျူးဘားမှာ၊ ၁၉၆၄ ခုနှစ် ဘရာဇီးမှာ၊ ၁၉၇၉ ခုနှစ် နီကရာဂွါမှာ၊ ၁၉၄၇၊ ၁၉၅၅၊ ၁၉၅၆၊ နဲ့ ၁၉၇၆ ခုနှစ်တွေမှာ အာဂျင်တီးနား စတဲ့နိုင်ငံတွေမှာ အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးတဲ့ သမတတွေက တရားသူကြီးချုပ်တွေကို စိတ်ကြိုက်ခန့်အပ်ပြီး ထိမ်းချုပ်ခဲ့မှုတွေကို လေ့လာနိုင်ပါတယ်။ တရားစီရင်ရေး လွတ်လပ်မှုဆိုတာကို ရှာဖွေဘို့အတော့်ကို ခဲယဉ်းခဲ့တယ်။ ဒါကြောင့် ရွေးကောက်တင်မြှောက်ခံရတယ်ဆိုပြီး အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးခဲ့ကြတဲ့ တိုင်းပြည်ရဲ့သမတတွေ အာဏာအလွဲသုံးမှု မရှိအောင်သူတို့နိုင်ငံတွေရဲ့တရားရုံးချုပ်တွေက ထိမ်းချုပ်နိုင်ခဲ့ကြခြင်းမရှိဘူး။

၁၉၉၀ ခုနှစ် အာဂျင်တီးနားမှာ ကားလို့စ်မင်နင် သမတ ဖြစ်လာတဲ့အခါမှာ ဘယ်လိုများ ကြုံးဝါးခဲ့သလဲဆိုတာကိုလေ့လာ ကြည့်ပါ။ **ငါ့ခါးပိုက်ဆောင်ထဲမှာ တရားရုံးချုပ်ကို ထည့်မထားနိုင်တဲ့ သမတအနေနဲ့ အာဂျင်တီးနားမှာငါတယောက်ထဲဘဲ ဘာကြောင့် အဖြစ်ခံရမှာလဲ** ---- တဲ့။ အာဂျင်တီးနားမှာ သမတ က တရားရုံးချုပ်ကို အဲသလို ချုပ်ကိုင်ပြီးလို့ နှစ်တချို့ကြာရုံဘဲ ရှိပါသေးတယ်။ ပီရူးမှာ သမတဖြစ်လာတဲ့ အယ်ဘာတို ဖူဂျီမိုရီ ဟာ ပီရူးနိုင်ငံတရားရုံးချုပ်က တရားသူကြီးသုံးဦးကို ရာထူးကနေထုတ်ပယ်ပြီး တရားရုံးချုပ်ကို အဆိပ်မရှိတဲ့ မြွေသဘွယ်ဖြစ်သွားအောင် လုပ်ပစ်ခဲ့တယ်။ ၁၉၉၇ ခုနှစ်ကို ရောက်လာတဲ့အခါမှာ ကျတော့လဲ ဗင်နီဇွဲလားမှာ သမတ ဟူဂို ရှာဗေးဟာ တရားရုံးချုပ်ကြီး တခုလုံးကို အုံနဲ့ကျင်းနဲ့ ဖျက်သိမ်းခဲ့ရုံမက၊ အောက်ခြေတရားသူကြီး သုံးရာလောက်ကို ရာထူးတာဝန်ကနေ ဆိုင်းငံ့ထားခဲ့တယ်။ တရားသူကြီး အသစ်စက်စက် ၁၀၁ ဦးကို သူ့စိတ်ကြိုက် ခန့်အပ်ခဲ့တယ်။ ထိုနည်းတူစွာပါဘဲ။ အက်ကွေဒေါမှာလဲ အသစ်တက်လာတဲ့ အစိုးရဟာ တရားရုံးချုပ်ကို ရိုက်ချိုးခဲ့တယ်။ ၂၀၀၃ ခုနှစ်ကို ရောက်တဲ့အခါမှာတော့ ပါရာဂွေးနဲ့ အာဂျင်တီးနားမှာ သမတတွေဟာ သူတို့နဲ့သဘောချင်းမတိုက်ဆိုင်တဲ့တရား သူကြီးတွေအပေါ် ဖိအားပေးတဲ့အခါ၊ အမြောက်အများဘဲရာထူးကနေ အငြိမ်းစားယူသွားခဲ့ကြရတယ်။ သမတစနစ်နဲ့ အုပ်ချုပ်တဲ့ နိုင်ငံတွေမှာ တရားစီရင်ရေးရဲ့ လွတ်လပ်စွာရပ်တည်မှုကို မတည်ဆောက်နိုင်ခဲ့တာကြောင့် တိုင်းပြည်တွေကသောင်းကနင်းဖြစ်ခဲ့ရတယ်လို့ ပြောနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ သမတစနစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်နေခဲ့တာဖြစ်ပေမယ့် လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို တည်ထောင်လည်ပတ်နိုင်တာကြောင့် သမတတွေ အာဏာအလွဲသုံးမှုတွေ ဖြစ်လာတဲ့အခါတိုင်းမှာ အရေးယူနိုင်ခဲ့တယ်။ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်ရဲ့ ရပ်တည် စွမ်းဆောင်မှုတွေဟာ တိုင်းပြည်တည်ငြိမ်မှုကို ကြီးကြီးမားမား အထောက်အကူပြုခဲ့တယ်လို့ လို့ပြောနိုင်ပါတယ်။ သာဓကတခုကို ပြောလိုပါတယ်။ ၂၀၀၀ ခုနှစ်မှာ ကျင်းပခဲ့တဲ့ သမတရွေးကောက်ပွဲမှာ တုံးကပါ။ ဒီမိုကရက်ပါတီက သမတလောင်း အယ်လ်ဂိုးနဲ့ ရီပတ်ဘလစ်ကင်ပါတီက သမတလောင်း ဂျော့ရှ် ဘွတ်ရှ်တို့ ယှဉ်ပြိုင်ခဲ့ကြစဉ်တုံးကပေါ့။ မဲအရေအတွက် ရာဂဏန်းတချို့လောက်သာ ကွာခြားတဲ့အခါ ဘယ်သူနိုင်တယ်ဆိုတဲ့ အချက်အပေါ်အကြီးအကျယ် အငြင်းပွားခဲ့ကြတယ်။ သမတလောင်းတွေ ကို ထောက်ခံတဲ့ ဘက်နှစ်ဘက်က လူတွေဟာ လမ်းမတွေအပေါ်ထွက်လာကြပြီး ဆန္ဒတွေပြနေကြပါပြီ။ တိုင်းပြည် မတည်မငြိမ်ဖြစ်တော့မှာ အသေအချာပါဘဲ။ အာရှ၊ အာဖရိက၊ လက်တင်အမေရိက က တိုးတက်ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာဆိုရင် အဓိကရုဏ်းတွေ ပြင်းပြင်းထန်ထန်ဖြစ်သွားနိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့နှစ်ဘက်လုံးက တရားရုံးချုပ်ကို အားကိုးတိုင်တန်းပြီး အဆုံးအဖြတ်တောင်းခဲ့ကြတယ်။

တရားရုံးချုပ်ကရီပတ်ဘလစ်ကန် ပါတီရဲ့သမတလောင်း ဂျော့ရှ် ဘွတ်ရှ်ကို အနိုင်ပေးခဲ့တယ်။ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ထွက်လာပြီး နာရီပိုင်းအတွင်းမှာဘဲ ရှုံးသွားတဲ့ ဒီမိုကရက်ပါတီက သမတလောင်း အယ်လ်ဂိုးကို ရုပ်မြင်သံကြား မှန်သားပြင်မှာ တွေ့လိုက်ရတယ်။ သူပြောသွားတဲ့ စကားတွေထဲက အကျဉ်းချုပ်ကို နားထောင်ကြည့်ပါ။

အမေရိကန်ပြည်သူများနဲ့ ကျွန်တော်အနိုင်ရရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ကြတဲ့ မိတ်ဆွေများခင်ဗျား။ ကျွန်တော်တို့ အားလုံးယုံကြည်လေးစားတဲ့ တရားရုံးချုပ်က ရီပတ်ဘလစ်ကန် သမတလောင်း ဂျော့ရှ် ဘွတ်ရှ်ကို အနိုင်ပေးလိုက်ပါပြီ။ ကျွန်တော်ဟာ အမေရိကန်နိုင်ငံသား တယောက်ဖြစ်တယ်။ တရားရုံးချုပ်ရဲ့ အဆုံးအဖြတ်ကို နာခံရမှာဖြစ်ပါတယ်။ ပွဲက ပြီးသွားပါပြီ။ ဒီမိုကရက်ပါတီနဲ့ ကျွန်တော့်ကိုထောက်ခံပြီး လမ်းပေါ်မှာထွက် ဆန္ဒပြနေကြတဲ့ လူထုတွေ၊ မိတ်ဆွေတွေအားလုံး အိမ်ကို ပြန်ကြပါတော့။ ကျွန်တော်တို့ သမတကြီး ဂျော့ရှ်ဘွတ်ရှ်ရဲ့ ဦးဆောင်မှုအောက်မှာ စုစည်းညီညွတ်ကြပြီး အမေရိကန်ပြည်ထောင်စုကြီးကို ဆက်လက်တည်ဆောက်ကြပါစို့။

ပွဲဟာ တကယ်ဘဲပြီးသွားခဲ့ပါတယ်။ တရားရုံးချုပ်ရဲ့ အဆုံးအဖြတ်အောက်မှာ အမေရိကန်ပြည်ထောင်စုရဲ့ တည်ငြိမ်မှုကို ထိမ်းသိမ်းနိုင်ခဲ့တယ်။ တိုးတက်ဖွံ့ဖြိုးမှုကို ဆက်လက်ဖေါ်ဆောင်နိုင်ခဲ့တယ်။ တရားရုံးချုပ်ဟာ လူထုရဲ့ အခွင့်အရေးတွေကို ဆက်လက်ကာကွယ်စောင့်ရှောက်ပေးနေဆဲဖြစ်တယ်။

နဝတ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေအရ လွတ်လပ်တဲ့ပြည်ထောင်စု တရားရုံးချုပ်ကြီးပေါ်ထွက်လာရေး အခြေခံကနေ တိုင်းပြည်တည်ငြိမ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုကို မြှော်မှန်းလို့ရနိုင်ပါ့မလား။ ဝေလာဝေးလို့ ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။ နအဖ က ဖန်တည်းထားပြီး အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးမယ့် သမတဟာ လူထုကရွေးချယ်တင်မြှောက်ခြင်းမခံရဘဲ ကာကွယ်ရေးဦးစီးချုပ်က စေလွှတ်တဲ့ စစ်ဗိုလ်တဦးဦးသာ ဖြစ်နိုင်ခြေများပါတယ်။ ပိုပြီးဆိုးတာက တရားသူကြီးချုပ်တွေကို သမတ စိတ်ကြိုက်ခန့်ခွင့်ရှိမယ်။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖေါက်ဖျက်တယ်ဆိုပြီး ဘာမှန်းရေရေရာရာ ဖေါ်ပြမထားတဲ့ စွပ်စွဲချက်တွေနဲ့ သမတက တရားသူကြီးချုပ်တွေကို အချိန်မရွေးထ၊ အရေးယူနိုင်မယ့် အခွင့်အာဏာ ရှိမှာဖြစ်တယ်။ ဒီတော့ တရားစီရင်ရေးဟာ အုပ်ချုပ်ရေးအာဏာပိုင် သမတ ရဲ့လက်ထဲမှာ ဝကွက် ရောက်ရှိနေတော့မှာ အသေအချာပါဘဲ။ ဒါကြောင့် တရားစီရင်ရေးပိုင်းဆိုင်ရာက အုပ်ချုပ်ရေး အာဏာကိုကျင့်သုံးမယ့် သမတကို ကြပ်မတ်စစ်ဆေးနိုင်ဘို့ဆိုတာ စိတ်ကူးယဉ်လို့တောင် ရနိုင်ဘွယ် မရှိတော့ပါ။ ပြောင်းပြန်အားဖြင့် သမတကသာလျှင် တရားစီရင်ရေးအာဏာကို ကျင့်သုံးမယ့် တရားရုံးချုပ်ကိုမှောက်လိုမှောက်၊ လှန်လိုလှန် လုပ်သွားတော့မှာ ဖြစ်ပါတယ်။ အာဏာအလွဲသုံးစားမှုတွေ တောက်လျှောက်ကျူးလွန်တော့မယ့် သမတ ကို ထိမ်းကျောင်းဘို့ တိုင်းပြည်အဆောက်အအုံ တခုမျှရှိမှာ မဟုတ်တော့ပါဘူး။

ဒီလိုသာဆိုရင် မြန်မာနိုင်ငံဟာ လက်တင်အမေရိက နိုင်ငံတွေထက်ပိုပြီး ကသောင်းကနင်းနဲ့ အဓိကရုဏ်းတွေအဆများစွာ ဆက်လက်ဖြစ်ပွားနေမှာ မြေကြီးလက်ခတ်မလွဲဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။